## (၃၀-၁၀-၂၀၂၀)မှ (၅-၁၁-၂၀၂၀)အထိ

## သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.orgတွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ websiteတွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင်(၁-၁၀-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ(၃၇၅.၃၀) ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၄-၁၁-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၃.၂၀) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |
| 30-Oct-20 | 13.52 cts/lb | 13.83 cts/lb | 390.80 $/T | 17.73 cts/lb |
| 29-Oct-20 | 13.59 cts/lb | 13.85 cts/lb | 388.75 $/T | 17.63 cts/lb |
| 28-Oct-20 | 13.99 cts/lb | 13.86 cts/lb | 398.40 $/T | 18.07 cts/lb |
| 27-Oct-20 | 14.00 cts/lb | 13.84 cts/lb | 399.20 $/T | 18.11 cts/lb |
| 26-Oct-20 | 14.05 cts/lb | 13.81 cts/lb | 398.05 $/T | 18.06 cts/lb |
| 23-Oct-20 | 14.05 cts/lb | 13.76 cts/lb | 397.00 $/T | 18.01 cts/lb |
| 22-Oct-20 | 14.13 cts/lb | 13.71 cts/lb | 400.05 $/T | 18.15 cts/lb |
| 21-Oct-20 | 13.90 cts/lb | 13.65 cts/lb | 394.05 $/T | 17.87 cts/lb |
| 20-Oct-20 | 13.94 cts/lb | 13.61 cts/lb | 396.95 $/T | 18.01 cts/lb |
| 19-Oct-20 | 14.06 cts/lb | 13.56 cts/lb | 402.25 $/T | 18.25 cts/lb |
| 16-Oct-20 | 13.83 cts/lb | 13.48 cts/lb | 395.35 $/T | 17.93 cts/lb |
| 15-Oct-20 | 13.69 cts/lb | 13.44 cts/lb | 388.30 $/T | 17.61 cts/lb |
| 14-Oct-20 | 13.68 cts/lb | 13.40 cts/lb | 387.80 $/T | 17.59 cts/lb |
| 13-Oct-20 | 13.60 cts/lb | 13.36 cts/lb | 386.95 $/T | 17.55 cts/lb |
| 12-Oct-20 | 13.44 cts/lb | 13.33 cts/lb | 382.65 $/T | 17.36 cts/lb |
| 9-Oct-20 | 13.76 cts/lb | 13.30 cts/lb | 386.25 $/T | 17.52 cts/lb |
| 8-Oct-20 | 13.76 cts/lb | 13.25 cts/lb | 386.75 $/T | 17.54 cts/lb |
| 7-Oct-20 | 13.74 cts/lb | 13.20 cts/lb | 384.85 $/T | 17.46 cts/lb |
| 6-Oct-20 | 13.55 cts/lb | 13.13 cts/lb | 379.40 $/T | 17.21 cts/lb |
| 5-Oct-20 | 13.32 cts/lb | 13.06 cts/lb | 373.95 $/T | 16.96 cts/lb |
| 2-Oct-20 | 13.26 cts/lb | 12.98 cts/lb | 373.95 $/T | 16.96 cts/lb |
| 1-Oct-20 | 13.27 cts/lb | 12.92 cts/lb | 375.30 $/T | 17.02 cts/lb |

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ လဆန်းပိုင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၅ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်

နိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၉၄ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၇၅-၆၁၇ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၀-၅၀၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံတွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံတွင် သကြားဈေးနှုန်းသည် ကျဆင်းနေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ လဆန်းပိုင်းတွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၆ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၅ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၉၉ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်၊ မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၆ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ လဆန်းပိုင်းအတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၅၆ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကေသွယ်(တန့်ဆည်မြေ)